# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 12 , 2023 Volume 67, Number 8


၁၂.၆.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၅၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၉၆၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၄.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၄.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၃.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၁.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၀၂ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၇၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၃.၄၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၄.၅၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၇၂၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ၂၀၂၃ ခုနှစ်၊ ဇွန်လ (၉) ရက်နေ့တွင် ကျင်းပပြုလုပ်သော မူပိုင်ခွင့်ဦးစီးဌာန၊ အောက်မြန်မာပြည်ရုံး(ရန်ကုန်) ဖွင့်ပွဲအခမ်းအနား



https://www.commerce.gov.mm

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာန၏ အောက်မြန်မာပြည်ရုံးခွဲ(ရန်ကုန်) ဖွင့်ပွဲအခမ်းအနားကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၌ ကျင်းပ ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ သက်ဆိုင်ရာ အသင်းများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များ စုစုပေါင်း (၁၀၀) ဦးခန့် တက်ရောက်ခဲ့ပါသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အဖွင့် အမှာစကားပြောကြားရာ၌ မူပိုင်ခွင့်ဥပဒေများ အကောင်အထည်ဖော်ဆောင်ရွက်


ရာတွင် **“စီးပွားရေးဂေဟစနစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူပိုင်ခွင့်စနစ်ဖွံ့ဖြိုးတိုးတက်လာစေရန်”** မျှော်မှန်းချက်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူပိုင်ခွင့်ဥပဒေ(၄)ရပ်ကို ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းနိုင်ခဲ့ပြီး ကုန်အမှတ်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် အာဏာတည်နိုင်ခဲ့ပြီဖြစ်သည့်အပြင် အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေကို ဝန်ကြီးဌာနမှ ထုတ်ပြန်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် မှတ်ပုံတင်ခြင်းအတွက် လိုအပ်သည့်လျှောက်လွှာပုံစံများ၊ ဝန်ဆောင်မှုအခကြေးငွေများနှင့် အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းများအတွက် အခကြေးငွေပေးဆောင်ရမည့် နည်းလမ်းများကိုလည်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါကြောင်း၊ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်း တရားဝင်လက်ခံခြင်းကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး လျှောက်ထားချက်များလက်ခံခြင်းကို အီလက်ထရောနစ်မှတ်ပုံတင်စနစ်မှတစ်ဆင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ဆောင်ရွက်လျက်ရှိရာတွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် လျှောက်လွှာစုစုပေါင်း (၆၀၀၀၀)ကျော် လက်ခံရရှိထားပြီး ဖြစ်ပါကြောင်း၊ မူပိုင်ခွင့်ဥပဒေ (၄) ရပ်အနက် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေတို့ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင်လည်းကောင်း၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေကို ၂၀၂၄ ခုနှစ်တွင်လည်းကောင်း၊ အာဏာသက်ဝင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတွင် မူပိုင်ခွင့်စနစ် အောင်မြင်စွာဖြစ်ထွန်း ပေါ်ပေါက်ရေးကို အလေးထားပြီး ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မူပိုင်ခွင့်ဦးစီးဌာန၏ အောက်မြန်မာပြည်ရုံးခွဲ(ရန်ကုန်)ကို ဖွင့်လှစ်နိုင်ခြင်းဖြင့် MSME စီးပွားရေး လုပ်ငန်းရှင်များ၊ မူပိုင်ခွင့်ပိုင်ရှင်များအနေဖြင့် အမှတ်တံဆိပ်မူပိုင်ခွင့်မှတ်ပုံတင်ခြင်းကိုလွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ မူပိုင်ခွင့်လျှောက်ထားခြင်းများအတွက် အခကြေးငွေပေးသွင်းခြင်းကို မည်သည့်MPUကဒ်ဖြင့်မဆို POS(Point-of-Sale)စနစ်နှင့် လျှောက်လွှာလက်ခံ ဌာနများတွင် ပေးသွင်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် မူပိုင်ခွင့်ကဏ္ဍအတွက် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ စတင်အကောင်အထည်ဖော်ဆောင်ရွက်ပြီး မူပိုင်ခွင့်မှတ်ပုံတင်ခြင်း စနစ်ကို စနစ်တကျကျင့်သုံးနိုင်ခြင်းဖြင့် မျှတသောဈေးကွက်ယှဉ်ပြိုင်မှု ဖြစ်ထွန်းစေပြီး ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း၊ အမှတ်တံဆိပ်ပိုင်ရှင်နှင့် အခွင့်အရေးရရှိသူတို့အနေနှင့် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ဥပဒေနှင့်အညီ အပြည့်အဝခံစားရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှထွက်ရှိသည့် နာမည်ထင်ရှားကျော်ကြားသည့် ဒေသထုတ်ကုန်များ၏ အရည်အသွေးများကို မြှင့်တင်ပေးနိုင်ခြင်းဖြင့် နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်ဝင်ရောက်နိုင်မှာဖြစ်ပါကြောင်း၊ ထို့နောက် အောက်မြန်မာပြည်ရုံးခွဲ(ရန်ကုန်) ဖွင့်လှစ်ပွဲအခမ်းအနားကို တက်ရောက်သူများအနေဖြင့် မြန်မာနိုင်ငံ၏ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်မှတ်ပုံတင်စနစ် တည်ထောင်ရာတွင် မိမိတို့၏သက်ဆိုင်ရာကဏ္ဍများအလိုက် အတူပူးပေါင်းပါဝင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြပါရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က အမှာစကားပြောကြားခဲ့ပြီး၊ မူပိုင်ခွင့်ဦးစီးဌာန၏ လှုပ်ရှားမှုမှတ်တမ်း Documentary ပြသခဲ့ပါသည်။ ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် မူပိုင်ခွင့်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တို့က မူပိုင်ခွင့်ဦးစီးဌာန၊ အောက်မြန်မာပြည်ရုံးခွဲ(ရန်ကုန်)အား ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပါသည်။ ဆက်လက်ပြီး မူပိုင်ခွင့်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က မူပိုင်ခွင့်ဦးစီးဌာန၊ အောက်မြန်မာပြည်ရုံးခွဲ(ရန်ကုန်) ဖွင့်လှစ်ရခြင်းကို Power Point ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး ဖွင့်ပွဲအခမ်းအနားကို နံနက်ပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%9E%E1%80%90%E1%80%84%E1%

## ၅.၆.၂၀၂၃ မှ ၉.၆.၂၀၂၃ ရက်နေ့ထိဈေးကွက်သုံးသပ်ချက်




**မတ်ပဲ**

မတ်ပဲကတော့ဆက်တိုက်ဈေး မြင့်တက်နေပါတယ်။ ပြီးခဲ့တဲ့ရက်က အိန္ဒိယနိုင်ငံ ဗဟိုအစိုးရက မတ်ပဲခွဲခြမ်း သိုလှောင်မှုကို ကန့်သတ်ထုတ်ပြန်လိုက်ပြီးနောက်ပိုင်း ဈေးအနည်းငယ် ပြန်ကျဆင်းသွားခဲ့ပေမယ့် ရက်ပိုင်းအတွင်း ဈေးပြန်လည်မြင့်တက်လာခဲ့ပါတယ်။ ပြည်တွင်းငွေလဲလှယ်နှုန်းဈေး မြင့်တက်မှုနဲ့အတူ ဈေးဆွဲတင်ရောင်းချမှုတွေအပြင် အိန္ဒိယနိုင်ငံအတွင်း ပဲလိုအပ်ချက်ကြောင့် ဈေးဆက်တိုက်မြင့်တက်နေတာလို့လည်း ပဲကုန်သည်အချို့က ဆိုပါတယ်။

အိန္ဒိယအစိုးရက မတ်ပဲထွက်ရှိမှုနှုန်းက ၂၀၂၂-၂၀၂၃ နှစ်အတွင်း တန်ချိန် ၂ ဒသမ ၇ သန်းသာ ထုတ်လုပ်နိုင်မယ်လို့ ကြေညာထားတဲ့အတွက် မတ်ပဲဈေးက ဆက်ပြီး တက်နိုင်ခြေ ရှိဦးမယ်လို့ ပဲကုန်သည်အများစုက သုံးသပ်ထားပါတယ်။

ရန်ကုန်ဈေးကွက်မှာ မတ်ပဲက တစ်တန်ကို ၂၄၁၄၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့ အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၈၀၀၀၀ ကျပ်ဈေး မြင့်တက်လာပါတယ်။ FOB ဈေးနှုန်းတွေကတော့ အမေရိကန်ဒေါ်လာ ၉၅၀ ကနေ ၉၇၀ ပေါက်ဈေးရှိနေပြီး ဈေးငြိမ်ပါတယ်။

မန္တလေးဈေးကွက်မှာတော့ မတ်ပဲက တစ်အိတ်ကို ၂၃၈၀၀၀ ကနေ ၂၄၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀၀ ကျပ်ဈေး တက်လာပါတယ်။ အခြား နယ်ကုန်စည်ဒိုင်တွေဖြစ်တဲ့ အောင်လံကုန်စည်ဒိုင်၊ မုံရွာ၊ ပြည်တို့မှာလည်း တစ်တင်းကို ၇၇၀၀၀ ကနေ ၇၉၀၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်တင်းကို ၁၅၀၀ လောက်ဈေးတက်ပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကလည်း ဆက်တိုက်ဈေး မြင့်တက်နေပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ပဲလိုအပ်ချက်က မြင့်မားနေသလို ပြည်တွင်းမှာလည်း ပဲလက်ကျန်မရှိခြင်း၊ ငွေလဲလှယ်နှုန်းဈေး မြင့်တက်နေခြင်းတို့ကြောင့် ဈေးက မြင့်တက်နေတာ ဖြစ်ပါတယ်။ လက်ရှိအရောင်းအဝယ်ကတော့ ကြိုက်ရောင်း ကြိုက်ဝယ်အနေအထားဖြစ်နေပြီး ယခုထက် တက်လာမယ့်ဈေးကို စောင့်ပြီးရောင်းချနေသူတွေလည်း များပြားတယ်လို့ ပဲကုန်သည်အချို့က ပြောပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို ၃၂၉၅၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၂၇၀၀၀၀ ကျပ်ဈေး မြင့်တက်လာပါတယ်။ FOB ပေါက်ဈေးနှုန်းကတော့ တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၂၃၀ ကနေ ၁၂၅၀ ပေါက်ဈေး ရှိပြီး တစ်တန်ကို ဒေါ်လာ ၁၁၀ ဈေးမြင့်တက်လာသည်။

မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၃၁၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၃၀၀၀၀ ကျပ် ဈေးမြင့်တက်လာပါတယ်။

အခြား နယ်ကုန်စည်ဒိုင်တွေဖြစ်တဲ့ ပခုက္ကူဈေးကွက်၊ အောင်လံဈေးကွက်၊ မုံရွာဈေးကွက်နဲ့ ပြည်ဈေးကွက်တို့မှာ ပဲစင်းငုံနီ တစ်တင်းကို ၁၀၅၀၀၀ ကနေ ၁၀၅၅၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်တင်းကို ၂၁၀၀၀ ကျပ်ဈေး မြင့်တက်လာပါတယ်။

**ကုလားပဲ**

ကုလားပဲဈေးကတော့ ဆက်တိုက်ဈေးမြင့်တက်နေပါတယ်။ ငွေလဲလှယ်နှုန်းဈေး မြင့်တက်လာမှုနဲ့အတူ ကုလားပဲဈေးက မြင့်တက်နေတာဖြစ်ပါတယ်။ ဈေးမြင့်တက်ပေမယ့် အရောင်းမရှိဘူးလို့ ပဲကုန်သည်တွေကဆိုပါတယ်။

လက်ရှိပေါက်ဈေးနှုန်းသည် စံချိန်တင် ဈေးမြင့်တက်နေခြင်းဖြစ်ပြီး ဆက်ပြီးတက်နိုင်ခြေရှိကြောင်း ကုန်သည်အချို့ကတော့ ခန့်မှန်းထားသည်။ ကုလားပဲတစ်တင်း တစ်သိန်းထိ ရောက်ရှိနိုင်မလားဆိုတာ ဆက်ပြီးစောင့်ကြည့်ရမယ့် အခြေအနေဖြစ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာ ကုလားပဲလုံးဖြူက တစ်ပိဿာကို ၄၄၁၅ ကနေ ၄၅၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၆၅ ကျပ် ဈေးတက်လာပြီး ကုလားပဲလုံးဖြူကြီးကတော့ တစ်ပိဿာကို ၄၆၆၅ ကနေ ၄၇၅၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၅၀ ကျပ် ဈေးတက်လာပါတယ်။ ကုလားပဲခြမ်းကတော့ တစ်ပိဿာကို ၅၈၀၀ ကနေ ၆၀၂၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၃၇၅ ကျပ် ဈေးတက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ ကုလားပဲ(ထိုင်ဝမ်)က တစ်အိတ်ကို ၂၅၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၈၀၀၀ ကျပ်၊ ကုလားပဲ(929)က တစ်အိတ်ကို ၂၆၅၀၀၀ မှ ၂၆၆၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀၀ ကျပ်၊ ကုလားပဲ(V2)ကတော့ တစ်အိတ်ကို ၂၇၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀၀ ကျပ် ဈေးမြင့်တက်လာပါတယ်။

မုံရွာဈေးကွက်မှာလည်း ကုလားပဲ 929 က တစ်တင်းကို ၉၀၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၈၀၀၀ ကျပ်၊ ကုလားပဲ (V2) ကတော့တစ်တင်းကို ၉၀၅၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၅၅၀၀ ကျပ် ဈေးတက်လာပါတယ်။

**နှမ်းမျိုးစုံ**

နှမ်းမျိုးစုံကတော့ ဈေးကွက်ထဲ ဈေးကောင်းရရှိနေပါတယ်။ ဈေးကွက်ထဲကို အသစ်တွေ အဝင်ရှိနေပြီး အဝင်နည်းနေသေးတဲ့အတွက် အဝယ်ကလည်း သွက်နေတယ်လို့သိရပါတယ်။ နှမ်းထွက်ချိန် မိုးရွာသွန်းမှုကြောင့် နှမ်းစိုက်ခင်းများ ပျက်စီးမှုတွေရှိခဲ့ပြီး နှမ်းအထွက်နှုန်း လျော့နည်းနိုင်တာကြောင့် နှမ်းဈေးကတော့ ဆက်ပြီးကောင်းဦးမယ်လို့ နှမ်းကုန်သည်တွေက ဆိုပါတယ်။

**နှမ်းနက်(စမုံ)**

နှမ်းနက်(စမုံ)ကတော့ ပြည်ပဝယ်လိုအားရှိတဲ့အတွက် ဈေးကမြင့်တက်လာပါတယ်။ မန္တလေးဈေးကွက်မှာ တစ်အိတ်ကို ၃၀၀၀၀၀ ကနေ ၃၄၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀၀ ကျပ် ဈေးမြင့်တက်လာပါတယ်။ အောင်လံဈေးကွက်မှာတော့ တစ်အိတ်ကို ၂၉၀၀၀၀ ကနေ ၃၁၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၅၀၀၀ ကျပ် ဈေးတက်လာပါတယ်။

**နှမ်းဖြူ**

နှမ်းဖြူကတော့ အသစ်တွေ ဈေးကောင်းရရှိနေပါတယ်။ နှမ်းဖြူ(ဂျပန်)ကလည်း လက်ရှိမှာ အမြင့်ဆုံးဈေး ရရှိနေပါတယ်။ တရုတ်နှင့် ဂျပန်က အဓိကဝယ်ယူနေတာဖြစ်တယ်လို့ သိရပါတယ်။ မန္တလေးဈေးကွက်မှာ နှမ်းဖြူ(ရိုးရိုး)က တစ်အိတ်ကို ၃၄၀၀၀၀ ကနေ ၃၅၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၅၀၀၀ ကျပ် ဈေးတက်လာပါတယ်။ နှမ်းဖြူ(ဂျပန်)ကတော့ တစ်အိတ်ကို ၃၅၀၀၀၀ ကနေ ၃၇၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၃၀၀၀၀ကျပ် ဈေးမြင့်တက်လာပါတယ်။

**နှမ်းညို**

နှမ်းညိုကလည်း အဟောင်းလက်ကျန်တွေမရှိတော့ပဲ အသစ်ထွက်ရှိတဲ့ နှမ်းတွေဈေးကောင်းရရှိနေပါတယ်။ မန္တလေးဈေးကွက်မှာ နှမ်းညိုအသစ် တစ်အိတ်ကို ၃၀၃၀၀၀ ကနေ ၃၀၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၈၀၀၀ ကျပ် ဈေးမြင့်တက်လာပါတယ်။

**ပန်းနှမ်း**

နှမ်းမျိုးစုံဈေးမြင့်တက်ပေမယ့် ပန်းနှမ်းကတော့ ဈေးကျဆင်းသွားပါတယ်။ ဈေးကွက်အတွင်း ပစ္စည်းလက်ကျန် မရှိတော့သလို အရောင်းအဝယ်လည်း အေးသွားပြီး ဈေးကျဆင်းသွားတာလို့သိရပါတယ်။ မန္တလေးဈေးကွက်မှာ တစ်အိတ်ကို ၂၀၀၀၀၀ ကနေ ၂၀၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။

**AMIA**

**Source: https://t.me/htwettoe**

## လူစီးမော်တော်ယာဉ် တင်သွင်းမှုအပေါ် အကောက်ခွန်ဖြေလျှော့ပေး

ပြည်တွင်းမှာ ထုတ်လုပ်မယ့် လောင်စာဆီသုံးယာဉ်တွေ Semi Knocked Down–SKD စနစ်နဲ့ Completely Knocked Down–CKD စနစ်တို့နဲ့ တင်သွင်းခြင်းအပေါ် အကောက်ခွန်နှုန်းထားတွေကို ဖြေလျှော့ခွင့်ပြု လိုက်ကြောင်း စီမံ/ဘဏ္ဍာဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနရဲ့ အမိန့်ကြော်ငြာစာမှာ ဖော်ပြထားပါတယ်။

2000 CC နှင့်အောက် လူစီးမော်တော်ယာဉ်တွေကို MCT 2022 မှာ ကောက်ခံတဲ့ (၇.၅) ရာခိုင်နှုန်းကနေ (၅) ရာခိုင်နှုန်းကို ဖြေလျှော့လိုက်ပြီး 2001 CC နှင့်အထက် လူစီးမော်တော်ယာဉ်တွေကို အရင်က (၅) ရာခိုင်နှုန်းကနေ ယခုအခါ (၃) ရာခိုင်နှုန်းကို ပြောင်းလဲကောက်ခံသွားမှာပါ။

စီးပွားရေးပြည်လည်ကောင်းမွန် တိုးတက်လာစေဖို့နဲ့ ပြည်တွင်းအသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း

တွေကို အထောက်အကူပြုစေဖို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ခွင့်ပြုချက်နဲ့ ယခုလို ဖြေလျှော့ခွင့်ပြုတာလို့ စီမံ/ဘဏ္ဍာဝန်ကြီးက ပြောပါတယ်။

SKD စနစ်နဲ့ တင်သွင်းမယ့် သုံးဘီးမော်တော်ဆိုင်ကယ်(လူစီး)ကိုလည်း (၃) ရာခိုင်နှုန်း၊ CKD စနစ်နဲ့ဆို (၁.၅) ရာခိုင်နှုန်း၊ သုံးဘီးမော်တော်ဆိုင်ကယ် (ကုန်တင်)၊ ဘတ်စ်များ၊ Truck / Body Building ပြုလုပ်ဖို့ Track များ တင်သွင်းမှုအပေါ် (၃) ရာခိုင်နှုန်းနဲ့ မော်တော်ဆိုင်ကယ်အတွက် (၁.၅) ရာခိုင်နှုန်း ကောက်ခံမယ်လို့ သိရှိရပါတယ်။

ယခု အမိန့်ကြော်ငြာစာက ၂၀၂၃ ခုနှစ် ဇွန်လ ၁ ရက်မှ ၂၀၂၄ ခုနှစ် မေလ ၃၁ ရက်နေ့ထိ အကျိုး သက်ရောက်စေမှာဖြစ်ပြီး ယခင် စီမံ/ဘဏ္ဍာဝန်ကြီးဌာနက ထုတ်ပြန်ခဲ့တဲ့ အမိန့်ကြော်ငြာစာအမှတ် ၈၄/ ၂၀၂၀၊ ၁၃၈/၂၀၂၀၊ ၃၇၂/ ၂၀၂၁ တို့ကို ပယ်ဖျက်လိုက်ပြီလို့ ထုတ်ပြန်ထားပါတယ်။

**Source: BETV Business**

## ပို့ကုန်ပဲစင်းငုံနှင့် ပြည်တွင်းသုံးကုလားပဲအုပ်စု စံချိန်တင်ဈေးမြင့်တက်နေ

ပို့ကုန်ပဲစင်းငုံနှင့် ပြည်တွင်းသုံး ကုလားပဲအုပ်စုသာ စံချိန်တင် ဈေးမြင့်တက်နေသော်လည်း အခြားပဲမာလိုင်းများမှာ ပုံမှန်သာ အရောင်းအဝယ်ရှိကြောင်း ပဲနှမ်းကုန်သည်များထံက သိရသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အရောင်းသမားများ ထုတ်ရောင်းသည့် ပမာဏလောက် စောင့်ဝယ်ယူရသည့် အခြေအနေဖြစ်တာကြောင့် စံချိန်တင် ပေါက်ဈေးတွေဖြစ်လာကြောင်း၊ နှမ်းမျိုးစုံ ဈေးကွက်မှာလည်း သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀ အထိ အမြင့်ဈေးဖြင့် အရောင်းအဝယ်သွက်နေကြောင်း ပို့ကုန်ပဲ များတွင် ပဲစင်းငုံဈေးမှာ ဆက်လက်မြင့်တက်နေသော်လည်း မတ်ပဲဈေးမှာ ပုံမှန်သာ အရောင်းအဝယ်ရှိကြောင်း ဦးကျော်သွင်(ရွှေစင် သိန်း)ပွဲရုံက ပြောသည်။ "ပြည်တွင်းသုံး ကုလားပဲ ပေါက်ဈေးတွေက ပဲဈေးကွက်မှာ မကြားဘူးတဲ့ ပေါက်ဈေးတွေ ဖြစ်လာတယ်။ လက်ကျန်နည်းလာလို့ လှောင်လက် အရောင်းသမား ထုတ်ရောင်းသလောက်ပဲ ဝယ်ယူနေရတာပါ။ အရင်ပတ်ကတည်းက စံချိန်တင်ဈေးဖြစ်နေတာ။ အခုလည်း လက်ကျန်နည်းတော့ ဆက်လက်ဈေးကောင်းနေတုန်းပါ။ ပို့ကုန်ပဲစင်းငုံနီက သုံးတင်းဝင်တစ်အိတ်ကို ၃၁၅၀၀၀ အထိ ပေါက်ဈေးဖြစ်နေပါတယ်။ မတ်ပဲကတော့ သုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် ၂၃၅၀၀၀ ပေါက်ဈေးနဲ့ ပုံမှန်သာ အရောင်းအဝယ် ဖြစ်နေပါတယ်။ နှမ်းအသစ် အဝင်အနည်းငယ်သာရှိပေမယ့် နှမ်းစိုက်ခင်းများ ပျက်စီးမှုအချို့ရှိလို့ နှမ်းမျိုးစုံဈေးကွက်က ရက်ပိုင်းအတွင်း အမြင့်ဈေးဖြစ်လာပါတယ်။ လက်ရှိမှာ နှမ်းနက်စမုံ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀ အထိ ပေါက် ဈေးရှိလာပါတယ်။ တရုတ်လိုင်း တင်ပို့ရန် သိုလှောင်ထားသည့် နှမ်းနက်ကုန်သည်အချို့ထံတွင်လည်း နှမ်းနက်များစွာ တင်ပို့ရန်ကျန်ရှိနေပါတယ်။ လက်ရှိမှာတော့ အရောင်းအဝယ် ခပ်သွက်သွက်ဖြစ်နေပါတယ်။ တရုတ်အစိုးရ၏ အခွန်ဆိုင်ရာ ပြဿနာကြောင့် တရုတ်ဝယ်လက်များသော မြေပဲဆန်မှာ ဈေးခပ်အေးအေးဖြစ်နေပါတယ်။ လက်ရှိဈေးကွက်မှာ ပို့ကုန် ပဲစင်းငုံနှင့် ပြည်တွင်းသုံး ကုလားပဲအုပ်စုသာ အရောင်းအဝယ် ကောင်းနေပါတယ်" ဟု ၎င်းကပြောသည်။

ဇွန် ၈ ရက်တွင် ပို့ကုန်မတ်ပဲ ၆၀ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀၊ ပဲစင်းငုံ ၆၀ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀၀၊ ပဲတီစိမ်းအညာ ၅၆ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀ ပေါက်ဈေးသာ ရှိပြီး ပဲစင်းငုံမှာ ၁၄ ရက်အတွင်း တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀ အထိ စံချိန်တင်ဆက်လက် ဈေးမြင့်တက် လာကြောင်း မန္တလေးကုန်စည်ဒိုင် ပေါက်ဈေးများအရ သိရသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ စံချိန်တင်ပေါက်ဈေးဖြစ်လာရာ ဇွန် ၈ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ V7 တစ်အိတ် လျှင် ငွေကျပ် ၂၇၀၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၃၇၀၀၀၊ 929 ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၅၄၀၀၀ ပေါက်ဈေးဖြစ်လာပြီး ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ် အိတ်လျှင် ငွေကျပ် ၂၇၈၀၀၀၊ ပဲထောပတ်တစ်အိတ် ငွေကျပ် ၂၇၅၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀၊ မြေပဲအနီလုံးဆန် တစ်ပိဿာ ငွေကျပ် ၈၀၀၀ ပေါက်ဈေး ရှိကြောင်း သိရသည်။

မေလဆန်းပိုင်းမှစတင်ပြီး နှမ်းမျိုးစုံဈေးကွက် တဖြည်းဖြည်း ဈေးမြင့်တက်အဝယ်လိုက်လာရာ နှမ်းဖြူ ၄၅ ပိဿာ တစ်အိတ်လျှင် ၃၆၈၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀၊ နှမ်းနက်စမုံ တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ နှမ်းဝါ (အသစ်) တစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## မိုခါ မုန်တိုင်းအပြီး ကြက်သွန်နီဈေးအနည်းငယ်ကျဆင်းခဲ့ရာမှ အတက်ဘက်သို့ ဦးတည်လာ

ကြက်သွန်နီဈေးကွက်တွင် မိုခါမုန်တိုင်းအပြီး ဈေးအနည်းငယ်ကျဆင်းခဲ့ရာ လက်ရှိအခြေအနေတွင် ဈေးကွက်အေးနေသော်လည်း လာမည့်ရက်များတွင် အတက်ဘက်သို့ ဦးတည်လာနိုင်ကြောင်း မန္တလေးဈေးချို ကြက်သွန်နီဈေးကွက်မှ သိရသည်။

ပြည်ပဝယ်လိုအားအဖြစ် ဗီယက်နမ်နှင့်တရုတ်ဘက်မှ အဝယ်ပုံမှန်နီးပါးရှိနေသည့်အတွက် ကြက်သွန်နီဈေးကွက်မှာ တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀ အောက် ကျဆင်းခြင်းမရှိဘဲ ငွေကျပ် ၂၀၀၀ ဝန်းကျင်တွင် အတက်အကျ ဈေးကစားနေသည်ဟုဆိုသည်။ “မိုခါမုန်တိုင်းနောက်ပိုင်းမိုးရွာတော့ ကြက်သွန်တွေ စိုထိုင်းပြီး အရည်အသွေးကျဆင်းလို့ ဈေးကျရာက ဈေးပြန် မြင့်လာသလို အတက်ဘက်ဦးတည်နိုင်တယ်။ နေပူတဲ့အခါမှာလည်း ကြက်သွန်တွေ အခွံကျွတ်များပြီး အလေးချိန် လျော့တာမျိုးလည်းရှိတော့ လျော့သွားတဲ့အပေါ် တစ်ပိဿာ ငွေကျပ် ၂၀၀ လောက်ဈေးတင်ကြတယ် ”ဟု ဈေးချို (ကိုင်းတန်းဈေး)ရှိ ကြက်သွန်နီပွဲရုံတစ်ခုမှ ပြောသည်။

မန္တလေးကြက်သွန်နီဈေးကွက်တွင် ဆောင်းရာသီ၌ မြစ်သားဘက်မှ ကြက်သွန်နီများ ဝင်ရောက်မှုများပြားကာ နွေရာသီတွင် မြစ်သားကြက်သွန်ရှားပါးသွားသဖြင့် မြင်းခြံ၊ ပခုက္ကူ၊ မုံရွာဘက်မှ ကြက်သွန်နီများကို မန္တလေးပွဲရုံများက ဝယ်ယူရောင်းချရသည်ဟုသိရသည်။ “နောက်ထပ်ကြက်သွန်ပေါ်မယ့်အချိန်က ၅ လလောက် လိုသေးတယ်။ ဒီကြားထဲမှာ လှောင်လက်နဲ့ တချို့တောင်သူကြီးတွေဆီမှာတော့ ကြက်သွန်လက်ကျန်ရှိသေးတယ်။ ကြက်သွန်ပေါ်ချိန်ထက်စာရင် နည်းသွားတာရယ်၊ ပြည်ပဝယ်ယူမှုက ပုံမှန်နီးပါးရှိနေတာရယ်ကြောင့် ဈေးပြန်တက်လာတယ်” ဟု ၎င်းကပြောသည်။

ကြက်သွန်နီပေါက်ဈေးများအရ ကြက်သွန်နီ(ရောရာ)တစ်ပိဿာ ငွေကျပ် ၂၀၀၀ ဝန်းကျင်ပေါက်ဈေးရှိပြီး အရွယ်နှင့် အရောင်လှလျှင် တစ်ပိဿာ ၂၂၀၀ ဝန်းကျင်နှင့် အောက်စမှာ တစ်ပိဿာ ၁၈၀၀ ဝန်းကျင် ပေါက်ဈေးရှိကြောင်း၊ လက်ကားဈေးထက် လက်လီဈေးကွက်တွင် တစ်ပိဿာ ငွေကျပ် ၂၀၀-၃၀၀ ဈေးမြင့်ကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ဟိုပုံးမြို့တွင် မြန်မာ့ပထမဆုံး ထောပတ်သီး သန့်စင်ထုပ်ပိုးသည့် စက်ရုံတည်ဆောက်ရန် စီစဉ်နေ




ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ်တွင် ထောပတ်သီးစိုက်တောင်သူများစုပေါင်းကာ ထောပတ်သီး သန့်စင်ထုပ်ပိုးသည့်စက်ရုံကို လာမယ့် ထောပတ်သီးရာသီအမီ တည်ဆောက်သွားရန် စီစဉ်နေတယ်လို့ မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (ပြင်ဦးလွင်)မှ သိရှိရပါတယ်။

အခုလို စက်ရုံတည်ဆောက်ရခြင်းဟာ ရှမ်းပြည်နယ် (တောင်ပိုင်း) လက်လှမ်းမီသည့်နေရာများမှ ထောပတ်သီးများကို ယင်းစက်ရုံတွင် သန့်စင်ထုတ်ပိုးကာ ပြည်ပနိုင်ငံများသို့ တင်ပို့သွားရန် ရည်ရွယ်စီစဉ်တာဖြစ်ပြီး စက်ရုံတည်ဆောက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းသွားမယ်လို့လည်း သိရှိရပါတယ်။

မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (ပြင်ဦးလွင်)မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမျိုးညွန့်က စက်ရုံဆောက်ဖို့ တောင်သူတွေ စုစည်းနေပါတယ်။ နိုင်ငံတော်ချေးငွေလည်း လျှောက်ပါမယ်။ အခုလို

တည်ဆောက်တာကလဲ ပြည်ပတင်ပို့နိုင်ဖို့ပါပဲ။ အသီးတွေကို သန့်စင်မယ်၊ အရွယ်အစားအမျိုးမျိုးခွဲမယ်၊ ပါကင်ထုပ်မယ်။ ပြည်ပနိုင်ငံတွေက တောင်းဆိုတဲ့အတိုင်း ထုပ်ပိုးပြီး ဝန်ဆောင်မှုပေးမှာပါလို့ နိုင်ငံပိုင် မီဒီယာနှင့် အင်တာဗျူးတစ်ခုအတွင်း ပြောဆိုထားပါတယ်။

မြန်မာနိုင်ငံ ထောပတ်သီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပထမဆုံး တည်ဆောက်မယ့် ထောပတ်သီး သန့်စင်ထုပ်ပိုး သည့်စက်ရုံကို ငွေကျပ် သိန်း ၈,၀၀၀ ကျော်ကုန်ကျခံပြီး လာမယ့်ထောပတ်သီးရာသီအမီ တည်ဆောက်သွားမှာဖြစ်တယ် လို့လည်း အသင်းမှ သိရှိရပါတယ်။

ပြည်ပဈေးကွက်သို့ မြန်မာ့ထောပတ်သီး တင်ပို့မှုတွင် နယ်စပ်ကုန်သွယ်မှုအပြင် ပင်လယ်ရေကြောင်းဖြစ်သည့် တရားဝင် ဆိပ်ကမ်းများမှ တင်ပို့လျက်ရှိပြီး ယခုနှစ်တွင် လမ်းကြောင်းသစ်အနေဖြင့် မလေးရှားနိုင်ငံသို့ လေကြောင်းမှတဆင့် တန်ချိန် (၅၀) စမ်းသပ်တင်ပို့ထားပြီး၊ လာမည့်နှစ်များတွင် မြန်မာ့ထောပတ်သီးကို တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ရန် လျာထားကာ လာမယ့် ထောပတ်သီးရာသီချိန်တွင် တန်ချိန် (၅၀၀၀)အထိ ပမာဏ ထပ်တိုးထွက်လာမည်ဟု မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ ပြောဆိုထားပါတယ်။

ပြီးခဲ့သည့် ၂၀၂၂- ၂၀၂၃ ခုနှစ်တွင် မြန်မာ့ထောပတ်သီး အထွက်နှုန်းသည် တန်ချိန် (၃၀၀၀) ပမာဏ ထွက်ရှိထားကာ မြန်မာ့ထောပတ်သီးများကို ထိုင်းနိုင်ငံအပြင် တရုတ်နိုင်ငံသို့ပါ G to G စနစ်ဖြင့် တရားဝင်တင်ပို့နိုင်ရန် ဆွေးနွေးညှိနှိုင်းမှုများ ရှိနေကြောင်း အသင်းမှ သိရှိရပါတယ်။

**ဤဆောင်းပါး ကို MFN မှကူးယူဖော်ပြပါသည်။**

**Source: https://t.me/htwettoe**

## ဂျပန်အပါအဝင် နိုင်ငံ (၄) နိုင်ငံက မြန်မာ့ကော်ဖီတင်သွင်းမှုအတွက် သွင်းကုန်ခွန် ကင်းလွတ်ခွင့်ပေး



Popular News Journal

ဂျပန်၊ တရုတ်၊ ဆော်ဒီအာရေဗျ၊ ယူအေအီးနိုင်ငံတို့က မြန်မာ့ကော်ဖီတင်သွင်းမှုအတွက် သွင်းကုန်ခွန်ကောက်ခံခြင်း အပေါ် သုညရာခိုင်နှုန်းသတ်မှတ်ထားပြီး အခွန်ကင်းလွတ် ခွင့်ပြုထားကြောင်း မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (MTPO)က ပြောကြားသည်။

'ဒီဈေးကွက်တွေက အနီးဆုံးမှာလည်းရှိတယ်။ ဥရောပ အထိ သွားစရာမလိုဘူး။ အာရှတိုက်မှာတင် တိုးချဲ့နိုင်တာ ဖြစ်တဲ့အတွက် ဒါကို အဓိကထား တွန်းအားပေးပြီး ဆောင်ရွက် မှာဖြစ်ပါတယ်"ဟု MTPO ညွှန်ကြားရေးမှူးက နိုင်ငံပိုင် မီဒီယာတွင် ဖြေကြားထားသည်။

လက်ရှိတွင် မြန်မာ့ကော်ဖီကို အမေရိက၊ ဥရောပနှင့် အာရှဒေသရှိ နိုင်ငံပေါင်း (၁၄) နိုင်ငံကို တင်ပို့ရောင်းချနေပြီး ဈေးကွက်သစ်များ ထပ်မံရှာဖွေကာ တိုးမြှင့်တင်ပို့ကြရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက တိုက်တွန်း ထားသည်။

မြန်မာ့ကော်ဖီကို ပင်လယ်ရေကြောင်းမှ အမေရိကန်၊ ကနေဒါ၊ အီးယူ၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံသို့ တင်ပို့နေပြီး နယ်စပ် လမ်းကြောင်းမှတစ်ဆင့် တရုတ်နှင့် ထိုင်းနိုင်ငံသို့ ရောင်းချနေကြောင်း၊ လက်ရှိတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကော်ဖီ စိုက်ဧက ငါးသောင်းခန့်ရှိပြီး အထူးတန်းဝင် အမျိုးအစား (ကော်ဖီစေ့) တစ်တန်ပေါက်ဈေး ကန်ဒေါ်လာ (၇၅၀၀) ခန့်ရှိကာ ပုံမှန်ဈေးကွက်ဝင် ကော်ဖီအမျိုးအစားသည် တစ်တန်ကို ကန်ဒေါ်လာ (၃၀၀၀) မှ (၄၅၀၀) ကြား ဈေးရရှိနေကြောင်း သိရသည်။

**Source: Popular News Journal**

## ကမ္ဘောဒီးယားဆန် ပထမ ၅ လတွင် ဒေါ်လာ သန်း ၂၀၀ ဖိုး တင်ပို့

ကမ္ဘောဒီးယားသည် ယခုနှစ် ပထမငါးလအတွင်း နိုင်ငံနှင့် ဒေသပေါင်း ၅၀ သို့ ဆန် ၂၇၈,၁၈၄ တန် တင်ပို့ခဲ့ပြီး ဝင်ငွေ ကန်ဒေါ်လာ ၁၉၁ ဒသမ ၆ သန်း ရရှိခဲ့ကြောင်း ကမ္ဘောဒီးယား ဆန်စပါးအသင်းချုပ် Cambodia Rice Federation (CRF) ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါသည်။

**တရုတ်အများဆုံး**

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားဆန်အတွက် အကြီးမားဆုံး ဈေးကွက်ဖြစ်ပါသည်။ ယခုနှစ် ပထမငါးလအတွင်း ကမ္ဘောဒီးယားဆန်တန်ချိန် ၁၁၈,၀၄၁ တန်ကို ဝယ်ယူခဲ့ပြီး ယင်းကာလအတွင်း စုစုပေါင်း ကမ္ဘောဒီးယားဆန် တင်ပို့မှု ပမာဏ၏ ၄၂ ဒသမ ၄၃ ရာခိုင်နှုန်းရှိသည်။

**ဆန်အမျိုးအစားများ**

ပြည်ပသို့ တင်ပို့သည့် ဆန်အမျိုးအစားများမှာ ပရီမီယံဆန်မွှေး၊ ဆန်မွှေးဆန်၊ ဆန်ဖြူ ပေါင်းဆန်နှင့်အော်ဂဲနစ်ဆန်တို့ ဖြစ်ပါသည်။

**ဝယ်လက်အသစ်**

ဖိလစ်ပိုင်သည် ကမ္ဘောဒီးယား၏ ဆန်ဈေးကွက်အသစ်ဖြစ်လာခဲ့ပါသည်။ မေလတွင် ဖိလစ်ပိုင်သို့ ပထမဆုံးအနေဖြင့် ၂,၅၇၅ တန် တင်ပို့ခဲ့သည်။

**ရည်မှန်းချက်**

ကမ္ဘောဒီးယားသည် ယမန်နှစ်က ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံနှင့်ဒေသ ၅၉ ခုသို့ ဆန် ၆၃၇,၀၀၄ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၄၁၄ သန်း ရရှိခဲ့သည်။ CRF သည် ၂၀၂၃ ခုနှစ်တွင် ဆန်တန်ချိန် ၇ သိန်းခွဲ တင်ပို့ရန် ရည်မှန်းချက် ချမှတ်ထားသည်။

**Source : Khmertimeskh**

https://t.me/Guid4U

https://www.foodindustrydirectory.com.mm/food-industry/cuisine/chinese/item/6315-cambodia-rice-export.html

TIR

## STOCK EXCHANGE (12.6.2023)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 9th Jun. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,018 (Shares) | 30,807,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 2,295 | 18,360,000 | 33,109,694 | 264,878 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,850 | 2,900 | 2,850 | 126 | 359,150 | 38,929,150 | 112,895 |
| MCB | 00003 | 7,100 | -200 | -2.74% | 7,100 | 7,100 | 7,100 | 67 | 475,700 | 10,400,986 | 73,847 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,450 | 1,500 | 1,450 | 7,320 | 10,614,500 | 29,664,613 | 43,014 |
| TMH | 00005 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 0 | 0 | 12,823,224 | 32,699 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 4 | 9,800 | 19,977,223 | 48,944 |
| AMATA | 00007 | 4,800 | -100 | -2.04% | 4,800 | 4,800 | 4,800 | 206 | 988,800 | 10,497,598 | 50,389 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 9th Jun. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 355.64 | -1.78 | -0.50% | 355.13 | 357.08 | 355.13 | 10,018 | 30,807,950 | 7 | 626,666 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 9th Jun. 2023

| Trading Volume | Trading Value |
|---|---|
| 10,018 (Shares) | 30,807,950 (MMK) |

## Main Board

As of 1:00 pm, 9th Jun. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,018 (Shares) | 30,807,950 (MMK) |

| MYANPIX | 355.64 ▼ 1.78 |
|---|---|
| Total Volume (shares) | 10,018 |
| Total Value (MMK) | 31 mil |
| Listed Company | 7 |
| Market Cap. (MMK) | 626,666 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,100 | ▼ 200 |
| FPB | 00004 | 1,450 | ▲ 0 |
| TMH | 00005 | 2,550 | ▲ 0 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 4,800 | ▼ 100 |